
Shwe FM ၏ "ပျော်ရွှင်တိုးတက်အောင်မြင်ရေးရွှေတို့အမေး" အစီအစဉ်တွင်

ကျော်ကျော်ဆိုင်

မြ ကြီး နဲ့ သာ

# ဂီတတိုးတက် အောင်မြင်ရေး

မေးခွန်းလွှာ - ၁



# စကားဦး

ရွှေ FM ၏ ဥက္ကဋ္ဌ မမီး ( ဒေါ်နန်းမောက် လောဝ်ဆိုင် ) က ရွှေ FM အတွက် အစီအစဉ်တစ်ခု ပြုလုပ်ပေးပါရန် မေတ္တာရပ်ခံချက်ကြောင့် "ပျော်ရွှင်တိုးတက်အောင်မြင်ရေး အစီအစဉ်ကို ထုတ်လွှင့် ဖြစ်ခဲ့ပါသည် ။ ဤအစီအစဉ်ကို စာများ ပေးပို့ရေးသားသည့် ရွှေ FM ပရိသတ်အများစုမှာ ကျေးလက်ဒေသမှ ပြည်သူ ပြည်သားများ ဖြစ်ကြပါသည် ။ စာများကို ဖတ်ရသည့်အခါ ကျေးလက်ဒေသမှ ပြည်သူပြည်သားများ ၏ ရိုးရှင်းသည့်ဘဝကို ခံစားနားလည်မိပါသည် ။ ယခင်စနစ်ဆိုးကြီး၏ ဒဏ်ကို ခံစားခဲ့ရသည့် ခံစားချက်များကိုလည်း ကိုယ်ချင်းစာမိပါသည် ။ အားကိုးတကြီးဖြင့် မိမိ၏ အခက်အခဲများ ၊ သိလိုသည့် အချက်များကို မေးမြန်းသည့် ရွှေ FM ပရိသတ်ကြီး၏ မေးခွန်းများကို ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစား၍ မေတ္တာရှေ့ထားကာ ဖြေဆိုခဲ့ပါသည် ။ ကျွန်တော့်ဘဝတွင် အပျော်ရွှင်ဆုံး ၊ စိတ်အပါဆုံးနှင့် ပီတိအဖြစ်ဆုံး အလုပ်တစ်ခု ဖြစ်ခဲ့ပါသည် ။ အစီအစဉ်ကို အားပေးခဲ့ကြသော ရွှေ FM ပရိသတ်ကြီး၏ တောင်းဆိုချက်အရ ဤစာအုပ်ကို ထုတ်ဝေခြင်း ဖြစ်ပါသည် ။

အချိန်အကန့်အသတ်ကြောင့် တစ်ပတ်လျှင် စာ ၃ စောင်လောက်သာ ပြန်ကြားခွင့်ရပါသည် ။ ကျွန်တော် တစ်ပတ်လျှင် စာ ၉ စောင် လက်ခံရရှိပါသည် ။ စိတ်ရှည်သည်းခံစွာဖြင့် စောင့်ဆိုင်းနားဆင်ပေးပါသော ရွှေ FM ပရိသတ်ကြီးကိုလည်း အထူးကျေးဇူးတင်ပါသည် ။

စာများ ရေးသားပေးပို့မေးမြန်းကြသူ အားလုံးကိုလည်း ရင်းနှီးခင်မင်စွာဖြင့် ကျေးဇူးတင်ကြောင်း ဤစာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်လိုပါသည် ။ "ပျော်ရွှင်တိုးတက် အောင်မြင်ရေး " အစီအစဉ်ကို ရွှေ FM တွင် ထုတ်လွှင့်ခွင့်ပြုခဲ့ရုံသာမက အမှာ စာပါ ရေးသားပါသော ရွှေ FM ၏ ဥက္ကဋ္ဌ မမီး ( ဒေါ်နန်းမောက် လောဝ်ဆိုင် ) ကိုလည်း အထူးပင် ကျေးဇူးတင်ပါသည် ။ ကျွန်တော်နှင့်အတူ အမြဲ စိတ်ဓာတ်တက်ကြွစွာဖြင့် အစီအစဉ်တင်ဆက်ခဲ့သူ ၊ အမှာ စာရေးပေးခဲ့သူ ဒေါ်စန်းစန်းယဉ်ကိုလည်း အထူးပင်ကျေးဇူးတင်ပါသည် ။ ကျွန်တော်၏ အစီအစဉ်ကို တည်းဖြတ်သူ ကိုဝေချစ် ၊ ရွှေ FM မှ အသံဖမ်း အင်ဂျင်နီယာများ ၊ ရွှေFM မှ ဒေါ်ညွှန့်ညွှန့်ကြည်၊ ကျွန်တော်၏ ရုံးအဖွဲ့သားများ ဖြစ်သည့် ဆရာ သျှားထက်နိုင်(ဘူမိဗေဒ)၊ တင်နီလာအောင်နှင့် အေးအေးဟန်တို့ ကိုလည်း အထူးပင် ကျေးဇူးတင်ပါသည် ။

နိဂုံးချုပ်အနေဖြင့် ပျော်ရွှင်တိုးတက်အောင်မြင်ရေး အစီအစဉ်ကို ရွှေ FM ပရိသတ်ကြီး အားပေးနေသရွေ့ ဆက်လက်ထုတ်လွှင့်နေမည်ဖြစ်ကြောင်းကို အသိပေးလိုပါသည် ။ ဤစာအုပ်လေးကို ဖတ်ရှုရ၍ သော်လည်းကောင်း၊ ရွှေ FM အစီအစဉ်ကို နားထောင်လိုက်ရ၍ သော်လည်းကောင်း မေးမြန်းသူသာမက ဖတ်ရှုရသူရော၊ နားထောင်သူပါ မိမိတို့ ၏ ဘဝအမောများ ပြေ၍ စိတ်ချမ်းသာကြည်နူးမှုရရှိကာ အများ အကျိုးကို ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေရန် ဆန္ဒပြုလိုက်ပါသည် ။

**စာဖတ်ပရိသတ်များကို ရိုသေလေးစားစွာဖြင့်**
**ကျော်ကျော်လှိုင်**

# ကျေးဇူးတင်လွှာ

ဤစာအုပ်တွင် SHWE FM RADIO နှင့် ဆရာကြီးဦးကျော်ကျော်လှိုင် ( Smart Group of Companies ဥက္ကဋ္ဌကြီး) တို့ ပူးပေါင်းတင်ဆက်သည့် လူကြိုက်များ ၊ အားပေးဖြေကြားခဲ့သော " ပျော်ရွှင် တိုးတက်အောင်မြင်ရေး ရွှေတို့ အမေး" အခန်းကဏ္ဍ၊ ဘ၀တိုးတက်အောင်မြင်ရေး မေးခွန်းများကို ထုတ်လွှင့်တင်ဆက်ခဲ့သည် မှာ သုံးနှစ်နီးပါးရှိပြီ ဖြစ်ပါသည် ။ ဤကဏ္ဍကို နားသောတဆင်သူ ရွှေပရိသတ်ကြီးများ အတွက် ယခုအခါ စာအုပ်ထုတ်ဝေပြီး ဘ၀တိုးတက်ရေး အတွက် အထောက်အကူပြုစာပေများကို ဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ ဖော်ပြပေးခြင်းဖြစ်ပါသည် ။

ဤစာအုပ်သည် မေးခွန်းနှင့် အဖြေများ စွာကို တစ်စုတစ်ဝေးတည်း ဖတ်ရှုလေ့လာ သုံးသပ်နိုင်ရန် လုံးချင်းအဖြစ် တင်ဆက်လိုက်ခြင်းဖြစ်ပါသည် ။ ယခု အချိန်အထိ ဤကဏ္ဍကို ဂရုတစိုက် ၊ စေတနာထား ပြန်လည်ဖြေကြားခဲ့သော ဆရာကြီး ဦးကျော်ကျော်လှိုင် ( Smart Group of Companies ဥက္ကဋ္ဌကြီး) ၊ စဉ်ဆက်မပြတ် အားပေးသော SHWE FM RADIO ၏ အခိုင်အမာ ရွှေပရိသတ် စစ်စစ်တို့ ကိုလည်း အထူးကျေးဇူးတင်ရှိပါသည် ။

ရှေ့ဆက်၍ လည်း ဒီထက်မကသော ကဏ္ဍများ စွာကို ပူးပေါင်းကာ စုစည်းထုတ်ဝေ ဖြန့်ချိနိုင်ပါစေကြောင်းနှင့် ရွှေပရိသတ်များ မေးမြန်းသ

ည့် ဘဝတိုးတက်အောင်မြင်မှုများ ရရှိနိုင်စေမည့် မေးခွန်းပေါင်းများ စွာကို ကြိုးစား၍ တန်ဖိုးရှိသောအဖြေများ ပြန်လည် ဖြေကြားသွားနိုင်ပါစေကြောင်း ဆန္ဒပြုပါသည် ။

Nan Mouk Laung Saing

SHWE FM RADIO

## ဒေါ်စမ်းစမ်းယဉ် ၏ အမှာ စာ

SHWE FM RADIO မှာ ထုတ်လွှင့်နေတဲ့ အစီအစဉ်များ အနက် ဆရာကြီး ဦးကျော်ကျော်လှိုင်နဲ့ တွဲဖက်ပြီး "လေးစားအတုယူ၊ စံနမူသူရဲကောင်းများ " အစီအစဉ်၊ "၂၁ရာစုတစ်လွှား လူသားအကျိုးပြုသူများ " အစီအစဉ်၊ "တွေးခေါ်ရင့်သန်အောင်မြင်ရန်" အစီအစဉ် ၊"ပျော်ရွှင်တိုးတက် အောင်မြင်ရေး ရွှေတို့ အမေး " အစီအစဉ်တွေကို ထုတ်လွှင့်ခဲ့ပါတယ် ။ ထုတ်လွှင့်နေပါတယ် ။

ဒီအစီအစဉ် တစ်ခုချင်းစီအတွက် သောတရှင် ရွှေပရိသတ်တို့ ရဲ့ တုံ့ပြန်ချက်၊ Feed backတွေက သိပ်ကောင်းပါတယ်။ ဒါကြောင့် ဒီအစီအစဉ်တွေကို တာဝန်ယူ ထုတ်လွှင့်ပေးရသူ တစ်ယောက်အနေနဲ့ များစွာ ဝမ်းသာပီတိဖြစ်မှုနဲ့ အတူ ဆရာကြီး အတွက်လည်း ဂုဏ်ယူနေပါတယ်။

ဆရာကြီး ဦးကျော်ကျော်လှိုင်ဟာ အပြောနဲ့ အလုပ် ညီတဲ့ သူဖြစ်လို့လည်း ကျွန်မ လေးစားရပါတယ်။ ဆရာကြီးပြောနေတဲ့ အကြံပြုလမ်းညွှန်စကားတွေဟာ ဆရာကြီး ဖြတ်သန်း လျှောက်လှမ်းခဲ့တဲ့ ဘဝခရီးလမ်းတစ်လျှောက် ကြုံတွေ့ခဲ့တာတွေ၊ လုပ်ဆောင်ခဲ့တာတွေ၊ စဉ်းစားဆုံးဖြတ်ခဲ့တာတွေကို ပကတိ အရှိအတိုင်း မခြွင်းမချန်တင်ပြရင်း အကောင်းအဆိုး ထောက်ပြ လမ်းညွှန်ခဲ့တာတွေ ဖြစ်ကြောင်း ကျွန်မရာနှုန်းပြည့် ယုံကြည်ခဲ့ရလို့ ပါ ။

အခု "ပျော်ရွှင်တိုးတက်အောင်မြင်ရေး ရွှေတို့ အမေး" အစီအစဉ်မှာ ထုတ်လွှင့်ခဲ့သော သောတရှင်တွေရဲ့ အမေးစကားတွေနဲ့ ဆရာကြီးရဲ့ ဖြေကြားချက်တွေကို စာအုပ်အဖြစ် ထုတ်ဝေမယ်လို့ သိရတဲ့ အချိန်မှာ ကျွန်မရဲ့ ပီတိဖြစ်ခဲ့ရတဲ့ စိတ်ခံစားချက်ကို ဘယ်လို စကားလုံးနဲ့ ဖော်ပြရပါ့မလဲလို့ စဉ်းစားရတာ ခုအမှာ စာ ရေးနေတဲ့ အချိန်အထိ အဖြေမရနိုင်သေးလို့ ပြောမပြတတ်အောင် ဝမ်းသာဂုဏ်ယူ ပါတယ်လို့ ပြောပါရစေတော့ရှင် ။

ဆရာကြီးထံ မေးခွန်းတွေ မေးမြန်းခဲ့ကြတဲ့ ကာယကံရှင် သောတရှင်တွေလည်း ဝမ်းသာကျေနပ်ကြမယ်လို့ ယုံကြည်သလို ဒီစာအုပ်ကို ဖတ်ရတဲ့ သူတွေ အတွက်လည်း ဘယ်သူ့ကိုမှ မမေးမိပေမယ့် ကိုယ်တိုင်သိချင်နေတဲ့ အဖြေတွေအများကြီး ရကြပါစေလို့ လည်း ဆန္ဒပြု နေမိပါတယ်။

ဒီထက် ရေးချင်ပါသေးတယ်။ ဒါပေမဲ့ အမှာ စာအရှည်ကြီး ဖြစ်သွားမှာ စိုးတဲ့ အတွက် ကျွန်မလေးစားရတဲ့ ဆရာကြီးဦးကျော်ကျော်လှိုင် သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာနဲ့ ဆရာကြီး သိပ်စိတ်ဝင်စားတဲ့ ပရဟိတလုပ်ငန်းတွေ ဆတက်ထမ်းပိုး လုပ်ဆောင်နိုင်ပါစေလို့

ဆန္ဒပြုလိုက်ပါတယ်ရှင် ။

စမ်းစမ်းယဉ်

SHWE FM RADIO